# ဤအရာသည် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသော သင့်အတွက် သတင်းစကား ဖြစ်ပါသည်။

## အသားထွက်ကုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ဂျပန်နိုင်ငံသို့ ယူဆောင်လာခြင်းမပြုရပါ။





- ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ ချောထုတ်ပို့လုပ်ငန်းများဖြင့်လည်း ပို့ဆောင်၍ မရပါ။ အသားထွက်ကုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စသည်တို့ကို အပြည်ပြည်ဆိုင်ရာ ချောထုတ်ပို့လုပ်ငန်းများဖြင့် ပို့ဆောင်ခြင်း မပြုကြရန် မိခင်နိုင်ငံရှိ သင့်၏ မိသားစုနှင့် အသိမိတ်ဆွေတွေကို အသိပေးမှာကြားထားပါ။

(အကယ်၍ သင်သည် စစ်ဆေးမှုခံယူထားခြင်းမရှိသော အသားထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အပြည်ပြည်ဆိုင်ရာ ချောပို့လုပ်ငန်းများ ဖြင့် လက်ခံရရှိပါက ကျေးဇူးပြု၍ အနီးဆုံး ပိုးမွှားတိရစ္ဆာန် သီးသန့်စစ်ဆေးရေးဌာန သို့မဟုတ် သစ်ပင်ပန်းမန်းကာကွယ်ရေးဌာနသို့ ချက်ချင်း အကြောင်းကြားပါ။)



- ကျေးဇူးပြု၍ ဂျပန်နိုင်ငံပြင်ပတွင် အသုံးပြုပြီးနောက် ညစ်ပေနေသော လုပ်ငန်းသုံးဝတ်စုံများ၊ လုပ်ငန်းသုံးဖိနပ်များ၊ လည်ရှည်ဖိနပ်များကို ယူဆောင်လာခြင်း မပြုပါနှင့်။
- ဂျပန်နိုင်ငံသို့ မလာရောက်မီ တစ်ပတ်အတွင်း နိုင်ငံပြင်ပတွင် အိမ်မွေးတိရိစ္ဆာန်များကို ထိတွေ့ကိုင်တွယ်ခြင်း သို့မဟုတ် ဂျပန်နိုင်ငံသို့ ရောက်ပြီး တစ်ပတ်အတွင်း အိမ်မွေးတိရိစ္ဆာန် များကို ထိတွေ့ကိုင်တွယ်ခြင်း မပြုပါနှင့်။

- အသားထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ နိုင်ငံရပ်ခြားမှ ဂျပန်နိုင်ငံတွင်းသို့ သယ်ဆောင်ခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါသည်။
- အသားထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများစသည်တို့ကို ဂျပန်နိုင်ငံတွင်းသို့ သယ်ဆောင်လာပါက ကြီးလေးသော အပြစ်ဒဏ် (ဥပမာ ထောင်ဒဏ် ၃ နှစ် အောက် (သို့မဟုတ်) ဂျပန်ယန်း ၃ သန်းအထိ ငွေဒဏ်၊ ကုမ္ပဏီလုပ်ငန်းဖြစ်ပါက ဂျပန်ယန်း သန်း ၅၀ အထိ ငွေဒဏ်)များကို ချမှတ်ခံရပါမည်။
- တရားမဝင်သောပစ္စည်းများ သယ်ဆောင်လာသည်ကို တွေ့ရှိရပါက ရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားမည်ဖြစ်ပါသည်။
- တရားမဝင်တင်သွင်းမှုများကြောင့် ဖမ်းဆီးခံရသူများလည်း ရှိပါသည်။
- အကယ်၍ သင်သည် တင်သွင်းခွင့်မရှိသော မွေးမြူရေးထွက်ကုန်ပစ္စည်းများကို ယူဆောင်လာပါက သင်ကို ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုလိမ့်မည် မဟုတ်ပါ။



MAFF

Ministry of Agriculture, Forestry and Fisheries

တိရိစ္ဆာန်များ သီးသန့်စစ်ဆေးရေးဌာန၊

သစ်ပင်များ ကာကွယ်ရေးဌာန၊